# မြန်မာနိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ခြင်း - ရန်ကုန်စီးပွားရေးသိပ္ပံကျောင်းတွင် ပြောကြားသည့် မိန့်ခွန်း

ခရစ်တင်း လာဂါဒ်
ဦးဆောင်ညွှန်ကြားရေးမှူး၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့

ရန်ကုန်၊ ဒီဇင်ဘာလ ၇ ရက်၊ ၂၀၁၃ ခုနှစ်။

မင်္ဂလာညနေခင်းပါ။ ရန်ကုန်စီးပွားရေးသိပ္ပံကို လာရောက်ခွင့်ရတဲ့အတွက် အင်မတန်ကို ဝမ်းသာရပါတယ်။ ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးရဲ့ နှစ်သက်ဖွယ်ရာ ကြိုဆိုနှုတ်ဆက်တဲ့ စကားတွေအတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ဒီကနေ့အတွက် ကျွန်မတို့ရဲ့ အစီအစဉ်မှူးဖြစ်တဲ့ ဒေါက်တာဇော်ဦးကိုလည်း အသိအမှတ်ပြုကြောင်း ပြောလိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့ မျှော်လင့်ချက်တွေ၊ အလားအလာတွေ၊ ကြွယ်ဝမှုတွေနဲ့ ပြည့်နှက်နေတဲ့ ကမ္ဘာသစ်တခုရဲ့ တံခါးဝကြီးကို ရောက်နေပါပြီ။ ကောင်းမွန်တဲ့ နိုးထမှုနဲ့အတူ ကမ္ဘာကြီးကို တံခါးဖွင့်ပေးပြီ ကြိုဆိုလိုက်တာပါပဲ။

ရှင်တို့ရဲ့ အိန္ဒိယအိမ်နီးချင်းဖြစ်တဲ့ ဂျဝါလာနေရူး တချိန်က သူ့နိုင်ငံနဲ့ ပတ်သက်ပြီး ပြောခဲ့ဖူးပါတယ်။ "တဒင်္ဂလေးတခု ရောက်လာတယ်။ အဲဒီတဒင်္ဂလေးက သမိုင်းမှာတော့ အင်မတန် ဖြစ်ခဲလှပါတယ်။ အဲဒါကတော့ အဟောင်းကနေထွက်ပြီး အသစ်ဆီကို ကျွန်တော်တို့ တက်လှမ်းတဲ့အချိန်၊ ခေတ်တစ်ခု ကုန်ဆုံးသွားတဲ့အချိန်နဲ့ နိုင်ငံတခုရဲ့ ဝိညာဉ်ဟာ ကာလရှည်ကြာ ဖိစီးချုပ်နှောင်ခံခဲ့ရပြီးတဲ့နောက် ဖွင့်ဟသံ ထွက်ပေါ်လာတဲ့ အချိန်လေးပါပဲ။"

အဲဒီလို အချိန်လေးတခုဟာ မြန်မာနိုင်ငံအတွက် ရောက်လာပါပြီ။ ကမ္ဘာ့စီးပွားရေးမှာ ပြောင်းလဲနိုင်မှု အင်အားအကြီးဆုံးနဲ့ သစ်လွင်တီထွင်ဖန်တီးနိုင်မှုတို့ရဲ့ အချက်အခြာဖြစ်တဲ့ အာရှရဲ့ရင်ခုံသံမှာ ထိုက်တန်တဲ့ နေရာမှန်တခုကို မြန်မာက ရယူဖို့ ဖြစ်ပါတယ်။ အာရှသမိုင်းရဲ့ နောက်ကဏ္ဍသစ်တစ်ရပ်ကို မြန်မာက ရေးနေပါတယ်။ ဆင်းရဲတွင်း ကွင်းဆက်ကြီးကနေ ရုန်းထွက်နိုင်အောင် လိုအပ်တဲ့ ကိရိယာတွေကို ထုနက် တတ်ဆင် လုပ်ဆောင်ခဲ့ကြတဲ့ အင်မတန် ကြီးကျယ်တဲ့ ဖြစ်ရပ်ကြီးတစ်ခုဟာ အာရှသမိုင်းမှာ အင်မတန်ကို တိုတောင်းတဲ့ အချိန်အတွင်း ဖြစ်ပွားသွားခဲ့တာကို လူပေါင်း သန်း ၅၀၀ ကျော်က မြင်တွေ့ခဲ့ကြရပါပြီ။

အာရှရဲ့ သမီးကောင်းဖြစ်တဲ့ မြန်မာနိုင်ငံဟာလည်း အချိန်တိုတိုအတွင်းမှာ အတော်လေး ခရီးရောက်နေပါပြီ။ အခြေခံ စီးပွားရေးကို မြှင့်တင်ပေးနိုင်တဲ့ မက်ခရိုစီးပွားရေးတည်ငြိမ်မှုကိုလည်း ရရှိထားပါပြီ။ အခြေအနေတွေက ထိလွယ်ရှလွယ် ဖြစ်နေသေးတယ်ဆိုတာ မှန်ပါတယ်။ ခိုင်မာတဲ့ ရုံးဖွဲ့စည်းပုံနဲ့ အခြေခိုင်အောင်လုပ်ဖို့ လိုနေပါသေးတယ်။ ဒါပေမဲ့ အခြေခံအုတ်မြစ်ကိုတော့ ချနိုင်ခဲ့ပါပြီ။

မကြာသေးခင်ကာလမှာ အစိုးရကလုပ်ဆောင်လာတဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ဒါတွေဖြစ်လာတာပါ။ ထိန်းချုပ်ငွေလဲလှယ်နှုန်းရှင်စနစ်ကို စတင်ခဲ့တာ၊ အလုပ်ဖြစ်တဲ့ နိုင်ငံခြားငွေလဲနှုန်းကို တည်ထောင်ခဲ့တာ၊

ငွေလဲလှယ်မှု အကန့်အသတ်တွေကို ဖယ်ရှားခဲ့တာနဲ့ ဘဏ်ငွေချေးငှားမှုတွေကို ခွင့်ပြုတဲ့ လုပ်ငန်းစဉ်တွေကို စတင်ခဲ့ပါတယ်။

ဒီလုပ်ရပ်ရဲ့ အကျိုးအမြတ်တွေကို ကျွန်မတို့ စပြီး တွေ့နေရပါပြီ။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်ကဆိုရင် ၆ ရာခိုင်နှုန်းကျော် ဖွံ့ဖြိုးလာပြီး ဒီနှစ်မှာ ၇ ရာခိုင်နှုန်းအထိ ရောက်လာနေပါပြီ။

နောက်ခြေလှမ်းကတော့ ဒီအကျိုးအမြတ်တွေပေါ်ကနေ ဆက်လက်တည်ဆောက်ဖို့နဲ့ ရေရှည် တည်တန့် ခိုင်မြဲစေမယ့်၊ ခိုင်မာမယ့်၊ အားလုံးပါဝင်စေမယ့်လမ်းကို လျှောက်လှမ်းဖို့ပါပဲ။

ဒီလမ်းက အဓိကကဏ္ဍကြီး ၃ ခုရှိမယ်လို့ ကျွန်မထင်ပါတယ်။ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံပါ။ ဖွံ့ဖြိုး တိုးတက်မှုမှာ လူတိုင်းကို ထည့်သွင်းပါ။ ကျယ်ပြန့်တဲ့ ဒေသတွင်း စီးပွားရေးနယ်ပယ်ထဲကို ဝင်ရောက် ပူးပေါင်းပါ။ ရင်းနှီးမြှုပ်နှံပါ၊ ထည့်သွင်းပါ၊ ပူးပေါင်းပါ။ ဒီအချက်တွေကို တချက်ချင်း ပြောပြပါရစေ။

**၁။ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံပါ။**

အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံဖို့အတွက် စပြီးပြောချင်ပါတယ်။

မြန်မာနိုင်ငံက တံခါးတွေဖွင့်ပြီး တိုးချဲ့လာတဲ့အချိန်မှာ ခေတ်မီစီးပွားရေးအတွက် ဖွဲ့စည်းထားတဲ့ အခြေခံ အဆောက်အအုံ လိုအပ်ပါတယ်။ ဒါဟာ အရေးပေါ်လုပ်ဆောင်ရမယ့် လုပ်ငန်းတခု ဖြစ်ပါတယ်။ လူဦးရေရဲ့ လေးပုံသုံးပုံဟာ လျှပ်စစ်မီး မရရှိပါဘူး။ လမ်းတွေကလည်း အာဆီယံက ပျမ်းမျှလမ်းတွေရဲ့ ငါးပုံတပုံပဲ ရှိပြီး လက်ရှိလမ်းတွေရဲ့တဝက်လောက်က မိုးရာသီမှာ သွားလာလို့ မရပါဘူး။ တယ်လီဖုန်း အရေအတွက်က ၁ဝ ရာခိုင်နှုန်းအောက်မှာရှိပြီး လူဦးရေရဲ့ တစ်ရာခိုင်နှုန်းကပဲ အင်တာနက်ကို သုံးနေပါတယ်။

လူအတော်များများက မနက်ဖြန်ရဲ့စီးပွားရေးအတွက် အဆင့်သင့်မဖြစ်သေးတာက ရှင်းနေပါတယ်။ အစိုးရအတွက် ဒါက ပထမဦးစားပေးတခု ဖြစ်မယ်ဆိုတာ ကျွန်မသိပါတယ်။

GDP ရဲ့ သုံးပုံတပုံကျော်ကို ရာပေးနေပြီး အလုပ်တွေအားလုံးရဲ့ ထက်ဝက်လောက်ကို ပေးနေတဲ့ စိုက်ပျိုးရေးကဏ္ဍကိုလည်း ကျွန်မတို့က မေ့မထားသင့်ပါဘူး။ လူဦးရေရဲ့ သုံးပုံ နှစ်ပုံဟာ သူတို့ရဲ့ စားဝတ်နေရေးအတွက် မြေယာတွေအပေါ် အမှီပြုနေရပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ ထုတ်ကုန် တိုးမြှင့်ဖို့ဟာ အရေးကြီးပါတယ်။ ဒါမှလည်း လယ်သမားတွေနဲ့ သူတို့ကို မှီခိုအားထားတာနေရသူတွေ အားလုံးရဲ့ ဝင်ငွေကို မြှင့်တင်ပေးနိုင်မယ်။ ဒီ့အတွက် မျိုးစပါးဖွံ့ဖြိုးရေးနဲ့ ဆန်ကုန်သည်တွေအကြား အပြိုင်အဆိုင်တွေ များလာစေတဲ့ မူဝါဒမျိုးတွေ ချမှတ်ဖို့ လိုပါတယ်။

အနာဂတ်မှာ ရင်းနှီးမြှုပ်နှံတယ်ဆိုတဲ့နေရာမှာ မြန်မာပြည်သူတွေအပေါ် ရင်းနှီးမြှုပ်နှံတာကိုလည်း ဆိုလိုပါတယ်။ သူတို့ရဲ့ကျန်းမာရေးနဲ့ ပညာရေးတွေမှာပါ။ အခုလက်ရှိမှာ ကျန်းမာရေးအတွက် GDP ရဲ့ ၁.၅

ရာခိုင်နှုန်းကိုပဲ အသုံးပြုနေပြီး ပညာရေးအတွက် ဂျီဒီပီရဲ့ ၁.၇ ရာခိုင်နှုန်းကိုပဲ သုံးနေပါတယ်။ ဒီနှစ်ခုစလုံးဟာ အာဆီယံမှာ အနိမ့်ဆုံး ဖြစ်ပါတယ်။

ရေရှည်တည်တန့်မယ့် တိုးတက်မှုဟာ လူတွေ ဘယ်လောက် ကျန်းမာကြသလဲ ဆိုတဲ့အပေါ်မှာ မူတည်နေပါတယ်။ ကျန်းမာရေးမကောင်းလို့ မလုပ်နိုင်မကိုင်နိုင်ဖြစ်လာနိုင်မယ့် လူထုနဲ့ ဒီ့အတွက်ကြောင့်ပဲ ဆေးကုသစရိတ်တွေ အကြီးအကျယ်ကုန်ကျလာမယ့်အနေအထားကို အကာအကွယ်ပေးတဲ့ လုံခြုံမှု ကွန်ယက်က လက်ရှိမှာတော့ အင်မတန်အားနည်းနေပါတယ်။ မြန်မာနိုင်ငံမှာ ကျန်းမာရေးအတွက် အသုံးပြုမှုတွေ အားလုံးရဲ့ ၈၇ ရာခိုင်နှုန်းဟာ ကိုယ်တိုင်ပေးချေနေရတာ ဖြစ်ပြီး ဒီနှုန်းကလည်း အရှေ့တောင်အာရှမှာ အမြင့်မားဆုံး ဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုဟာ ပညာရေးပေါ်မှာလည်း မူတည်နေပါတယ်။ ဒါဟာ ပိုပြီး တောက်ပလာမယ့်အနာဂတ်ကို အသေအချာ တက်လှမ်းနိုင်မယ့် တခုတည်းသော လှေခါးထစ်ပါပဲ။ "ပညာရွှေအိုးလူမခိုး" လို့ မြန်မာစကားပုံမှာ ပြောထားသလိုပါပဲ။

ကလေးအများစုက မူလတန်းကျောင်းမှာ စာရင်းသွင်းထားကြချိန်မှာ အလယ်တန်းကျောင်းမှာတော့ ထက်ဝက် ကျော်ကျော်လောက်ကပဲ စာရင်းသွင်းထားကြပါတယ်။ အောင်နှုန်းကလည်း နည်းသလို မူလတန်းကျောင်းမှာ မပြီးခင် ကျောင်းထွက်ကြတဲ့နှုန်းက ၂၅ ရာခိုင်နှုန်းအထိ ရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေမှာ လိုနေတဲ့ ကျွမ်းကျင်မှုတွေနဲ့ လူတွေမှာရှိတဲ့ ကျွမ်းကျင်မှုတွေ ကိုက်ညီအောင် လေ့ကျင့်သင်ကြားပေးမယ့် သင်တန်းကျောင်းတွေ အပါအဝင် ဒီပညာရေးကဏ္ဍမှာ မြန်မာနိုင်ငံက ရှေ့တလှမ်းတိုးပြီး ကြိုးစားသင့်ပါတယ်။

ဒီကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အခွန်တွေကနေ တိုးချဲ့ရယူဖို့ လိုအပ်ပါတယ်။ ဒါမှလည်း မြန်မာနိုင်ငံ တိုးတက်ရေးမှာ လူတိုင်းက မျှမျှတတ ထည့်ဝင်ကြမှာပါ။ အခုအချိန်မှာတော့ အခွန်ကရတဲ့ ဝင်ငွေက GDP ရဲ့ ၆ ရာခိုင်နှုန်းပဲ ရှိနေပြီး ဒါကလည်း ကမ္ဘာ့အနိမ့်ဆုံးအချိုးအဆထဲမှာ ပါဝင်နေပါတယ်။ အဲဒီအပိုင်းမှာ ပြုပြင်သွားလို့ ရပါတယ်။ မနက်ဖြန်လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးတွေအများကြီး ဖြစ်လာဖို့ ဒီကနေ့မှာ နဲနဲလေးအနစ်နာခံလိုက်ဖို့ လိုအပ်ပါတယ်။

**၂။ ဖွံ့ဖြိုးရေးမှာ အားလုံးပါဝင်ရပါမယ်။**

အခုဆက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အားလုံးကို ထည့်သွင်းဖို့ဆိုတဲ့ ဒုတိယအပိုင်းကို ဆက်ပါရစေ။ မြန်မာနိုင်ငံက လူတွေအားလုံး ကြွယ်ဝချမ်းသာမှုလှိုင်းကို အတူတကွ လိုက်လံစီးနင်းနိုင်ရေး ဖြစ်လာအောင် အသေအချာလုပ်ဖို့ ဖြစ်ပါတယ်။

စီးပွားရေးမူဝါဒဟာ မရှိဆင်းရဲသားတွေကို အမြဲဦးစားပေးသင့်ပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ စိတ်စေတနာ တစ်ခုထဲကြောင့်သာမကဘဲ ကောင်းမွန်တဲ့ စီးပွားရေးနည်းဗျူဟာကြောင့်လည်း ဖြစ်ပါတယ်။

ဆင်းရဲမွဲတေမှုတွေ အများအပြားရှိနေမယ်ဆိုရင် လူတွေက နေ့တဓူဝရှန်းကန်မှုတွေထဲမှာပဲ နစ်မြုပ်နေကြပြီး သူတို့ရဲ့ အရည်အချင်းတွေ မြှင့်တင်ဖို့နဲ့ လူမှုအဖွဲ့အစည်းကို ပံ့ပိုးဖြည့်ဆည်းပေးဖို့တွေကို အပြည့်အဝ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ငွေကြေးအရင်းအနှီးရဖို့၊ ကျွမ်းကျင်ဖို့ မဆိုထားနဲ့ သာမန်ရပ်တည်ဖို့တောင် အတော်ခက်ပါတယ်။

မညီမျှမှုတွေရှိရင် မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ တည်ငြိမ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ မရနိုင်ဘူးဆိုတာကို ကျွန်မတို့အားလုံး သိကြပါတယ်။ အဲဒီလို မညီမျှမှုတွေကြောင့် နိုင်ငံတွေဟာ စီးပွားရေးရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည် နည်းပါးကြပါတယ်။ ယုံကြည်မှုကို လျော့နည်းစေပါတယ်။ ဒါတွေက လူထုဈေးကွက်စီးပွားရေး အတွက် အသက်သွေးကြောတွေ ဖြစ်ပါတယ်။

အားလုံးပါဝင်တဲ့ တိုးတက်မှုဆိုတာက အာရှရဲ့အစဉ်အလာပဲ မဟုတ်ပါလား။ ဂျပန်နဲ့ အာရှကျားတွေ ဦးဆောင်ခဲ့တဲ့ ပထမစီးပွားရေးလှိုင်းက ဘာကို ပြသခဲ့သလဲဆိုရင် - မညီမျှမှုတွေက နဲပါးနေရင်၊ တခါတရံမှာ ပိုပြီးနဲလာရင်၊ စီးပွားရေးဖွံ့ဖြိုးမှုက သန်စွမ်းလာနိုင်တယ်ဆိုတာပါပဲ။ မြန်မာလို နိုင်ငံမျိုးအတွက် ဒါက လမ်းပြမြေပုံတစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ တိုးတက်မှုတွေဖြစ်ပေါ်နေတယ်ဆိုတာ အသေအချာပါပဲ။ ၂၀၀၅ ခုနှစ်မှာ ဆင်းရဲမွဲတေမှုက ၃၂ ရာခိုင်နှုန်း ရှိခဲ့ရာကနေ ၂၀၁၀ ခုနှစ်မှာ ၂၆ ရာခိုင်နှုန်းကို ကျဆင်းလာတယ်။ ဒါပေမဲ့ အထူးသဖြင့် ကျေးလက်ဒေသတွေမှာနဲ့ တချို့နယ်မြေတွေအတွက် ဒါက မြင့်နေပါသေးတယ်။

စီးပွားရေးတိုးတက်မှုမှာ လူတိုင်းပါဝင်နိုင်ရေးမှာ ကျား-မ ဆိုတဲ့ အပိုင်းတွေလည်း အရေးပါပါတယ်။ ဒီအကြောင်းတွေကို မြန်မာအမျိုးသမီးဖော်ရမ်မှာ ကျွန်မပြောခဲ့ပါတယ်။

ဒီနေရာမှာ ရှင်းရှင်းလင်းလင်းပဲ တွေ့ရတာကတော့ အမျိုးသမီးတွေ အဆင်ပြေရင် စီးပွားရေးက ပိုကောင်းတယ် ဆိုတဲ့ အချက်ပါ။ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့မှာ ကျွန်မတို့ လေ့လာခဲ့ကြတော့ အလုပ်ခွင်မှာ အမျိုးသားတွေ နည်းတူ အမျိုးသမီးတွေပါဝင်လာရင် အကျိုးအမြတ်က အတော်ကြီးတာကို တွေ့ရတယ်။ ဥပမာ - တဦးချင်း ဝင်ငွေက တောင်အာရှမှာဆိုရင် ၂၃ ရာခိုင်နှုန်းအထိ၊ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသမှာ ၁၅ ရာခိုင်နှုန်းအထိ တိုးလာနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသမီးတွေ အလုပ်ခွင်မှာ ပါဝင်နှုန်းက ၅၄ ရာခိုင်နှုန်းရှိပြီး အမျိုးသားတွေထက် ၂၈ ရာနှုန်းပဲ ပိုနဲပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ အလုပ်လုပ်တဲ့ အမျိုးသမီး သုံးပုံ နှစ်ပုံဟာ စာရင်းမဝင်တဲ့ အလုပ်မျိုးတွေမှာ လုပ်ကိုင်နေတာများပြီး ကျွမ်းကျင်မှုမလိုတဲ့ အလုပ်မျိုးတွေမှာ ဝင်ငွေပုံမှန်လည်း မရှိကြပါဘူး။ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီး ၁၈ ရာခိုင်နှုန်းကသာ အလယ်တန်း ဒါမှမဟုတ် အဲဒီထက်ပိုမြင့်တဲ့ ကျောင်းတက်ခဲ့ကြတော့ အမြင့်ကိုဆက်ပြီး တက်လှမ်းဖို့ဆိုတာ သူတို့အတွက် ခက်ခဲပါတယ်။

ဒီနေရာမှာလည်း ပြုပြင်မှုတွေ လုပ်နိုင်ပါတယ်။ မြန်မာလို ဖွံ့ဖြိုးဆဲနိုင်ငံမျိုးမှာ ဆင်းရဲမွဲတေမှုကို လျှော့ချဖို့ အကောင်းဆုံးနည်းလမ်းကတော့ အမျိုးသမီးတွေကို မြှင့်တင်ပေးတဲ့နည်းပဲလို့ တချို့ကတောင် ပြောကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နောက်မျိုးဆက်ကို ပြုစုစောင့်ရှောက်ကြမှာမို့ပါပဲ။

ထင်ရှားတဲ့ မြန်မာစကားပုံတစ်ခု ပြောထားသလိုပါပဲ။ "ပုခက်လွှဲတဲ့လက်က ကမ္ဘာကို ကိုင်လှုပ်နိုင်ပါတယ်။"

မြန်မာနိုင်ငံမှာ အရည်အချင်းအမျိုးမျိုးရှိတဲ့ အမျိုးသမီးတွေ ရှိနေတယ်ဆိုတာ ကျွန်မသိပါတယ်။ သူတို့က ပံ့ပိုးဖြည့်ဆည်းပေးဖို့ အဆင်သင့်ဖြစ်နေသလို ဦးဆောင်ဖို့လည်း အဆင့်သင့် ဖြစ်နေကြပါပြီ။ ကျွန်မမကြာခင်လေးကပဲ မြန်မာအမျိုးသမီးဖော်ရမ်မှာ အဲဒီလို ထူးခြားပြောင်မြောက်တဲ့ အမျိုးသမီး အတော်များများနဲ့ ဆုံခဲ့ပါတယ်။ ချီးကျူးအားကျမိသလို အားလည်းတက်ရပါတယ်။

အလားတူပဲ သူတို့ရင်သွေးတွေရဲ့ ရှေ့ရေးအတွက် စုရင်းဆောင်းရင်း ပေးဆပ်ရင်းနဲ့ ခေါင်းကိုမော့ပြီး အခက်အခဲတိုင်းကို ရင်ဆိုင်နေကြသူ၊ နေ့စဉ်နဲ့အမျှ နေရောင်အောက်မှာ ချွေးသံရွှဲရွှဲနဲ့ ရုန်းကန်လုပ်ရှားနေကြတဲ့ သန်းနဲ့ချီနေတဲ့ အမျိုးသမီးတွေ၊ သူတို့ကိုလည်း ကျွန်မ ချီးကျူးဂုဏ်ပြုပါတယ်။ သူတို့ဟာ မြန်မာနိုင်ငံရဲ့ ကျောရိုးတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်တွေ ဖြစ်ပါတယ်။

နောက်ဆုံးအချက်တခု ပြောချင်တာကတော့ အားလုံးပါဝင်စေခြင်းနဲ့ တရားမျှတခြင်းတို့ဟာ အခြေခံအားဖြင့် ခွန်တွဲနေတဲ့အချက်ပါ။ လူတိုင်းလူတိုင်းဟာ ဘဝမှာ အောင်မြင်မှုရအောင် ကြိုးစားခွင့်ရသင့်ပါတယ်။ ဒီအခွင့်အရေးကို အဆက်အသွယ်ကောင်းတဲ့သူတွေပဲ ရသင့်တာ မဟုတ်ပါဘူး။

လွန်ခဲ့တဲ့ ရာစုနှစ်တစ်ခုလောက်က မြန်မာနိုင်ငံရဲ့ ပထမဆုံးဖွံ့ဖြိုးမှုလှိုင်းဟာ လူအနည်းငယ်လက်ထဲက ကုန်ပစ္စည်းအနည်းငယ်လောက်နဲ့သာ တွန်းအားပေးခဲ့ပါတယ်။ ဒီလိုဖွံ့ဖြိုးမှုမျိုးက တခဏတာအတွက်တော့ အလုပ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ကြာကြာမခံပါဘူး။ ရေရှည်ခံတဲ့ ဖွံ့ဖြိုးမှုဟာ ပွင့်လင်းမှု၊ ထင်သာမြင်သာရှိမှု၊ တာဝန်ခံမှု အခြေခံတွေနဲ့ အားဖြည့်ထားတဲ့ နေရာမျိုးမှာသာ မှုတည် ဖြစ်ပေါ်ပါတယ်။

**၃။ ဒေသတွင်း စီးပွားရေးမှာ ပူးပေါင်းပါဝင်ပါ။**

အခု ကျွန်မရဲ့ တတိယ တင်ပြချက်ကို ပြောပါရစေ။ ဒေသတွင်း စီးပွားရေးမှာ ပူးပေါင်းပါဝင်ပါ။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ပူးပေါင်းပါဝင်တယ်ဆိုတာ အာရှလမ်းစဉ်ပါ။ အာရှဟာ အမြဲတန်းပဲအပြင်ကို ထွက်ကြည့်ပြီး ချမ်းသာကြွယ်ဝမှုကို ပိုပြီးကျယ်ပြန့်တဲ့ ကမ္ဘာမှာ ရှာဖွေပါတယ်။ သူ့ရဲ့ အမြင်ကျယ်မှုက အောင်မြင်မှုရဲ့ အဓိကအကြောင်းရင်းကြီး ဖြစ်ပါတယ်။

ကျယ်ပြန့်တဲ့ အာရှစီးပွားရေးထဲကို မြန်မာက ပူးပေါင်းပါဝင်တဲ့အချိန်ဟာ အင်မတန်ကောင်းမွန်တဲ့အချိန် ဖြစ်နေပါတယ်။ အာရှဟာ ဘယ်တုန်းကနဲ့မှမတူအောင် ရှေ့ပြေးနေပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ စွမ်းအားအမြင့်ဆုံး ဆုံရပ်ဖြစ်နေသလို ဖွံ့ဖြိုးဆဲအာရှဟာလည်း လာမယ့် ၂၀၅၀ မှာ ကမ္ဘာ့ GDP ရဲ့

ထက်ဝက်လောက် ရှိမယ်လို့ တချို့ခန့်မှန်းချက်တွေက ဆိုပါတယ်။ အရေအတွက်အားဖြင့် တရိတ်ရိတ်တက်နေတဲ့ ကမ္ဘာ့လူလတ်တန်းစားတွေရဲ့ ဗဟိုလည်း ဖြစ်လာပါလိမ့်မယ်။

ဒါက *ရှင်တို့ရဲ့* ကမ္ဘာ၊ *ရှင်တို့ရဲ့* စီးပွားရေး၊ *ရှင်တို့ရဲ့* ပန်းတိုင်ပါပဲ။
ဒီကမ္ဘာ့စီးပွားရေးသစ်ဟာ ဘယ်တုန်းကနဲ့မှမတူအောင် တခုနဲ့တခု ချိတ်ဆက်နေကြပါတယ်။ ဒါကို ကျွန်မတို့ ဒီကနေ့ တွေ့နေရပါတယ်။ အသေးငယ်ဆုံး လှိုင်းတွန့်လေးတခုကတောင်မှ ကမ္ဘာကြီးကို ဖြတ်ပြီး တုန်ခါသွားစေနိုင်ပါတယ်။ အရှိန်အဟုန်ကလည်း ပြင်း၊ ကြိုတင် မခန့်မှန်းနိုင်တဲ့နည်းတွေနဲ့ ဖြစ်တတ်ပြီး နောက်ဆုံးဖြစ်လာမဲ့ ရလဒ်ကလည်း မရေရာပါဘူး။ ကမ္ဘာ့စီးပွားရေးပြဿနာဖြစ်ပွားခဲ့ပုံကို ကြည့်ရင် သိနိုင်ပါတယ်။

ဒါတွေကြောင့် ပွင့်လင်းမြင်သာမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေက အရင်ကနဲ့မတူအောင်ကို ပိုပြီး အရေးပါလာပါတယ်။ ကျွန်မတို့ရဲ့ ကြွယ်ဝမှုတွေက ဒွန်တွဲနေတဲ့အတွက် အတူတိုးတက်လာအောင် အတူလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

"ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" ဆိုတဲ့ မြန်မာစကားပုံလေးလိုပေ့ါ။

မြန်မာဟာ ပွင့်လင်းမြင်သာမှုနဲ့ ပူးပေါင်းမှုတွေ လုပ်ဆောင်မယ်ဆိုတဲ့ သူ့ရဲ့ ဆုံးဖြတ်ချက်ကို ပြသပြီး ဖြစ်ပါတယ်။ အဲဒီထဲမှာ အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူမှုနဲ့ အရှေ့တောင်အာရှအားကစားပွဲကို လက်ခံကျင်းပဖို့ ပြင်ဆင်တာတွေလည်း ပါဝင်ပါတယ်။

အာဆီယံစီးပွားရေးအသိုင်းအဝိုင်းကို ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်မှာ ဖြစ်ပြီး ပူးပေါင်း ဆောင်ရွက်မှုတွေမှာ နောက်အဆင့်သစ်တခုကို တက်လှမ်းကြတဲ့အခါမှာ မြန်မာလို တက်လှမ်းလာတဲ့ နိုင်ငံမျိုးအတွက် အကန့်အသတ်မရှိ အခွင့်အရေးတွေကို ပေးလာမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက တပန်းသာမှုတွေများစွာရှိနေလို့ပါပဲ။ အာဆီယံ မိသားစုထဲဝင်ကြဖို့ အဆင့်သင့်ဖြစ်နေတဲ့ လူဦးရေသန်း ၆၀ ရှိတဲ့နိုင်ငံဖြစ်သလို လူဦးရေရဲ့ သုံးပုံတပုံဟာ အသက် ၁၄ နှစ်အောက်တွေ ဖြစ်တယ်။ သူတို့ဟာ ငယ်ရွယ်နုပျိုတဲ့ စွမ်းအင်နဲ့ စွမ်းပကားများစွာကို ပိုင်ဆိုင်ထားကြပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာဆိုရင် အင်ဒိုနီးရှားပြီးရင် ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်သလို အရှေ့တောင်အာရှထဲမှာ အကြီးဆုံးကုန်းတွင်းနိုင်ငံလည်း ဖြစ်တယ်။ သဘာဝသယံဇာတတွေ အများအပြားရှိပြီး ကမ္ဘာ့စီးပွားရေး အချက်အချာနှစ်ခု ဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့အကြား လမ်းဆုံလမ်းခွမှာ တည်ရှိနေတဲ့ ကောင်းမွန်လှတဲ့ ပထဝီအနေအထားကိုလည်း ပိုင်ဆိုင်ထားတယ်။

အာဆီယံပူးပေါင်းခြင်းနဲ့အတူ မြန်မာက ဒီအခွင့်အရေးတွေထဲကနေ အကောင်းဆုံးရယူနိုင်ပါတယ်။ မြန်မာရဲ့ ပို့ကုန် ထက်ဝက်လောက်ဟာ အာဆီယံနိုင်ငံတွေကို သွားကြမှာပါ။ အခုဆိုရင် ပိုကြီးမားတဲ့ ဈေးကွက်ကိုလည်း ဝင်ရောက်နိုင်တော့မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများအပြားကိုလည်း ဆွဲဆောင်နိုင်တော့မယ်။

ဒါ့အပြင် စီးပွားရေးကို အမျိုးမျိုး ဖြန့်ကျက်လို့ ရနိုင်ပါမယ်။ အခုလောလောဆယ်မှာ ဖွံ့ဖြိုးမှုအများစုက သယံဇာတနဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကသာ ဖြစ်ပြီး သဘာဝဓာတ်ငွေ့တခုထဲက ပို့ကုန်ဝင်ငွေရဲ့ သုံးပုံ တပုံကိုရယူနေပါတယ်။

မြန်မာဟာ တခြားကွဲပြားခြားနားတဲ့ ကဏ္ဍတွေမှာ လုပ်ကိုင်နိုင်ဖို့ အလားအလာ အများကြီးရှိပါတယ်။ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းနဲ့ ဘဏ်လုပ်ငန်းလို ကဏ္ဍတွေမှာပါ။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအတွက်လည်း အလားအလာတွေ ကောင်းမွန်နေပါတယ်။ ကမ္ဘာမှာ စိတ်ဝင်စားစရာကောင်းတဲ့ အလှဆုံးနိုင်ငံတွေထဲက တစ်ခုဖြစ်သလို ဖော်ရွေဆုံး ပြည်သူတွေရှိတဲ့ ဒေသလည်း ဖြစ်ပါတယ်။

ဘဏ္ဍာရေးမှာ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းကလည်း မြန်မာနိုင်ငံအတွက် အကူအညီ ဖြစ်စေနိုင်ပါတယ်။ အဓိက ဦးစားပေးက ဘဏ္ဍာရေးကဏ္ဍမှာ ချဲ့ထွင်ဖို့နဲ့ ထဲထဲဝင်ဝင်လုပ်ဖို့ပါပဲ။ ဒါမှလည်း ထုတ်ကုန်စီးပွားရေးမှာ ပိုပြီးကောင်းအောင် ပံ့ပိုးနိုင်ပြီး အများဆုံးလိုနေတဲ့နေရာတွေအတွက် ချေးငွေတွေ ရနိုင်မှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာ ချေးငွေက GDP ရဲ့ ၁၀ ရာခိုင်နှုန်းပဲ ရှိပြီး ဒါဟာလည်း ကမ္ဘာ့စံချိန်မှာ အနိမ့်ဆုံး အချိုးအဆ ဖြစ်ပါတယ်။ လူဆင်းရဲ ၃ ယောက်မှာ ၂ ယောက်ဟာ ငွေချေးငှားနိုင်တဲ့ အခွင့်အရေးမရပါဘူး။

မြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးကဏ္ဍ အစပြုတဲ့ချိန်မှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ကျွမ်းကျင်မှုတွေနဲ့ စုဆောင်းငွေတွေ ချိတ်ဆက်နိုင်ဖို့အတွက် ဘဏ္ဍာရေးပူးပေါင်းမှုက အကူအညီ ဖြစ်ပါလိမ့်မယ်။ ဒါကလည်း မြန်မာနိုင်ငံသားတွေ လိုအပ်နေတဲ့ စီးပွားရေးစိတ်ချလုံခြုံရမှုနဲ့ အလုပ်အကိုင်တွေကို ဖန်တီးပေးဖို့ စီးပွားရေးလုပ်ငန်းတွေမှာ ငွေရင်းနှီးခြင်းအားဖြင့် အကူအညီပေးပါလိမ့်မယ်။

အားလုံးကို ခြုံကြည့်ရင် ပိုပြီး ထဲထဲဝင်ဝင် ပူးပေါင်းခြင်းက မြန်မာနိုင်ငံလျှောက်လှမ်းနေတဲ့ လမ်းကို မီးထွန်းညှိပေးမှာဖြစ်ပြီး ဒီအလင်းရောင်ဟာလည်း နောင်လာမယ့် နှစ်ပေါင်းများစွာအထိ ဆက်လက်ပြီး တောက်ပနေမှာ ဖြစ်ပါတယ်။

**နိဂုံး**

ရန်ကုန်စီးပွားရေးသိပ္ပံဟာ မြန်မာတနိုင်ငံလုံးက စီးပွားရေးနဲ့ လုပ်ငန်းဆိုင်ရာသင်တန်းတွေအတွက် အကောင်းဆုံး ဌာနတခု ဖြစ်တယ်ဆိုတာ နိဂုံးချုပ်အနေနဲ့ ပြောချင်ပါတယ်။

ရှင်တို့ဟာ နိုင်ငံရဲ့ အရည်အချင်းအရှိဆုံးသူတွေထဲက တချို့ ဖြစ်ပါတယ်။ ဆိုလိုတာက တိုင်းပြည်နဲ့ ရှင်တို့ရဲ့ နိုင်ငံသားတွေအတွက် စီးပွားရေးအလားအလာတွေကို မြှင့်တင်ဖို့ ရှင်တို့မှာ တာဝန်အများကြီးရှိပါတယ်။ သေချာတာတခုကတော့ ရှင်တို့ချည်းပဲ ဖြစ်နေမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ အထီးကျန်ဖြစ်နေမှာ မဟုတ်ပါဘူး။ မြန်မာဟာ ကမ္ဘာ့အသိုင်းအဝိုင်းမိသားစုရဲ့ အဖွဲ့ဝင်ဖြစ်နေခဲ့တာပါ။ မြန်မာဟာ ၁၉၅၂ ခုနှစ်ကတည်းက IMF ရဲ့အဖွဲ့ဂင် ဖြစ်ခဲ့ပါတယ်။ IMF ဟာ ရှင်တို့နဲ့ အမြဲရပ်တည်နေမယ် ဆိုတာကို ရှင်တို့ကို အခိုင်အမာ ပြောပြချင်ပါတယ်။

ကမ္ဘာ့အသိုင်းအဝိုင်းထဲက စုပေါင်းရယူထားတဲ့ အသိပညာတွေနဲ့ ကျွန်မတို့ရဲ့ မူဝါဒအကြံပေးနေချိန် တလျှောက်လုံးမှာ ကျွန်မတို့ဟာ ရှင်တို့နဲ့အတူ ရပ်တည်နေပါမယ်။

ကျွန်မတို့ရဲ့ နည်းပညာပိုင်းဆိုင်ရာနဲ့ လေ့ကျင့်ရေးဆိုင်ရာ ပံ့ပိုးမှုတွေပေးနေတဲ့ တလျှောက်လုံးမှာ ရှင်တို့နဲ့အတူ ရှိနေပါမယ်။ မြန်မာပြည်သူတွေကို သူတို့ရဲ့ စွမ်းအားတွေ ခိုင်မာလာအောင် ကူညီသွားမှာပါ။ ရှေ့လာမယ့်နှစ်တွေမှာ အောင်မြင်ထွန်းပေါက်လာမယ့် စီးပွားရေးကို ရေရှည်တည်တန့်ခိုင်မာဖို့အတွက် လိုအပ်နေတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ အားကောင်းကောင်းနဲ့ တည်ဆောက်ဖွဲ့စည်းနိုင်အောင် ကူညီသွားမှာပါ။ အားကောင်းပြီး အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်ခန့်တဲ့ အခြေခံကို ရှင်တို့ တည်ဆောက်နေတဲ့ အချိန်မှာ ရှင်တို့နဲ့အတူ ကျွန်မတို့ ရှိနေပါမယ်။

ရှင်တို့ကို ကျွန်မဒီလို အာမခံနိုင်ပါတယ်။ ခရီးရှည်တလျှောက်မှာ ကျွန်မတို့ဟာ ရှင်တို့နဲ့အတူ ဝိုင်းကူပေးဖို့ ရှိနေပါမယ်။ ရှင်တို့ရဲ့ ဘိုးဘွားအမွေအနှစ်တွေကို ထိုက်ထိုက်တန်တန်ရယူဖို့ လျှောက်လှမ်းနေတဲ့အချိန်မှာ ရှင်တို့ကို ဝန်ဆောင်မှုတွေပေးဖို့၊ ကူညီဖို့၊ ပူးတွဲလုပ်ဆောင်ဖို့ ကျွန်မတို့ ဒီမှာ ရှိနေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တကယ့်ကို ရွှေအနာဂတ်ရှိနေတဲ့ ရွှေနိုင်ငံပါပဲ။

အားလုံးကို ကျေးဇူးတင်ပါတယ်။